The Chin Affairs Provisional Council (Chairman's Salary) (Amendment) Act 1951
(Act No. XLVII of 1951)

# ၁၉၅၁ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (သဘာပတိ လစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၁ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (သဘာပတိလစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။နောက်တွင် "အဆိုပါ အက်ဥပဒေ" ဟုရည်ညွှန်းသည့်၊ ၁၉၄၉ ခုနှစ်၊ချင်းရေးရာ ယာယီကောင်စီ (သဘာပတိ လစာငွေ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄ ) ပုဒ်မ ၂ တွင် "၇၅၀" ဆိုသည့် ဂဏန်းအစား "၁,၂၅၀" ဆိုသည့် ဂဏန်းကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၃ နောက်တွင် အောက်ပါပြဋ္ဌာန်းချက်ကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။သဘာပတိရာထူး၌ ထမ်းရွက်နေသည့်ဖြစ်သော်ကြောင့်၊ ထိုသို့ ထမ်းရွက်နေသောသူတွင် ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏၊ သို့တည်းမဟုတ် ပြည်ထောင်စုပြည်သူ့လွှတ်တော်၏အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သောအမတ်အဖြစ်ဖြင့်တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ။"

G.U.B.C.P.O.—No. 55, Min. of J.A., 19-12-51—2,100—II.
Price,—One anna.]